# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
# ၂၀၁၄ ခုနှစ်၊ တင်သွင်းလွှာအမှတ် - ၁

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ (၅၀)ဦး (ကိုယ်တိုင်နှင့်လျှောက်ထားသူ ၄၉ ဦး၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ဒွဲဘူ )တို့ တင်သွင်းသည့်တင်သွင်းလွှာ

ရက်စွဲ။ ၂၈ ရက်၊ ဇူလိုင်လ၊ ၂၀၁၄ ခုနှစ်

| | |
|---|---|
| ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ(၅၀)ဦး အတွက် | ဦးအောင်ကျော်စိန်<br>တရားလွှတ်တော်ရှေ့နေ |
| နိုင်ငံတော်သမ္မတအတွက် | ဦးကျော်ဆန်း<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွက် | ဦးမြင့်နိုင်<br>အဖွဲ့ဝင် |
| ဝန်ကြီးချုပ်ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် | ဦးဂွမ်ဆိုင်းလီ<br>ပြည်နယ်ဥပဒေအရာရှိ |
| ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် | ဦးဝင်းထွဋ်<br>ဒုတိယပြည်နယ်ဥပဒေ<br>အရာရှိ |
| ကချင်ပြည်နယ်အစိုးရအဖွဲ့<br>ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂွန်ရိန်ဒီး၊<br>လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားဆီ<br>နှင့်<br>ရှမ်းပြည်နယ်အစိုးရအဖွဲ့<br>လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဗုန်ဆန်<br>(ခ) ရောဝိ တို့အတွက် | ဦးတင်ဝင်း<br>တရားလွှတ်တော်ရှေ့နေ |

# အမိန့်

ဤအမှု၏ အဓိကအကြောင်းအရာမှာ ကချင်ပြည်နယ်အစိုးရအဖွဲ့တွင် ဦးဂွန်ရိန်ဒီးအား ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း၊ ဦးအားဆီအား လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့တွင် ဦးဗုန်ဆန်(ခ) ဦးရောဝိအား လီဆူးတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးအဖြစ် လည်းကောင်း ခန့်ထားတာဝန်ပေးအပ်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်ချမှတ်ပေးရန် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ (၅၀) ဦးတို့က ဤခုံရုံး သို့ တင်သွင်းလွှာ တင်သွင်းလာ ခြင်းဖြစ်သည်။

တင်သွင်းလွှာတွင် အဓိကတင်ပြချက်များအပေါ် စဉ်းစားခြင်းမပြုမီ နိုင်ငံတော်သမ္မတ၏ ကိုယ်စားဆောင်ရွက်သူ ပြည်ထောင်စုရှေ့နေချုပ်၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ပြည်နယ်ဥပဒေ အရာရှိ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ဒုတိယပြည်နယ်ဥပဒေအရာရှိနှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများအတွက် လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေတို့က ကြိုတင်ကန့်ကွက်ချက်များကို တင်သွင်းလာကြသည့်အပြင် အဆိုပါကြိုတင်ကန့်ကွက်ချက်များအပေါ် ကနဦးအမိန့် ချမှတ်ပေးပါရန် လျှောက်ထားခဲ့ကြသည်။

ကြိုတင်ကန့်ကွက်ချက်များအပေါ် ဦးစွာကြားနာဆုံးဖြတ်မည်ဖြစ်ကြောင်း ၃-၇-၂၀၁၄ရက်နေ့က ဤခုံရုံးကအမိန့်ချခဲ့သည်။ ထို့နောက် ၁၄-၇-၂၀၁၄ရက်နေ့တွင် ကြိုတင်ကန့်ကွက်ချက်များအပေါ် နှစ်ဖက်လျှောက်လဲချက်များကို ကြားနာခဲ့ပြီး ဖြစ်သည်။

ကြိုတင်ကန့်ကွက်ချက် **(က)** မှာ **"ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅ အရ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိသော နိုင်ငံတော်သမ္မတအား လျှောက်ထားခံရသူအဖြစ် အမှုတွင် ထည့်သွင်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ နှင့် ညီညွတ်ခြင်းမရှိဆိုသည်မှာ မှန်ပါသလား"** ဖြစ်သည်။ ထိုကန့်ကွက်ချက် ကို နိုင်ငံတော်သမ္မတ၏ကိုယ်စားလှယ် ပြည်ထောင်စုရှေ့နေချုပ်က တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ပြည်ထောင်စုရှေ့နေချုပ်က အဓိကကိုးကားသောအချက်မှာ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ပုဒ်မ ၂၁၅ ဖြစ်သည်။ ထိုပုဒ်မ ၂၁၅ ပြဋ္ဌာန်းချက်မှာ "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန် မရှိစေရ။ သို့ရာတွင် ဤကဲ့သို့တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ"ဆိုသည့်အချက်ဖြစ်သည်။ ထို့ပြင် အလားတူပြဋ္ဌာန်းချက်ဖြစ်သော မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၆၂(၁) ကိုလည်းတင်ပြခဲ့သည်။ ထို့ပြင် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာမှတ်တမ်းများ အတွဲ ၃ (ဒုတိယပိုင်း) စာ ၁၁၄၂ပါဖော်ပြချက် "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများဟာ အမျိုးသားခေါင်းဆောင်များဖြစ်ပြီး နိုင်ငံတော်ရဲ့အကြီးအကဲများလည်း ဖြစ်ကြပါသည်။ နိုင်ငံတော်သမ္မတနဲ့ ဒုတိယသမ္မတများ တာဝန်ထမ်းဆောင်ချိန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ သက်တမ်းကာလအတွင်း တရားစွဲဆိုခွင့် မပြုနိုင်ရေးအတွက် အကာအကွယ်ပေးသင့်ပါတယ်။ အဲဒီလိုအကာအကွယ်ပေးထားမှသာလျှင် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများဟာ မိမိတို့၏တာဝန်ဝတ္တရားများကို ရဲရဲဝံ့ဝံ့ဆောင်ရွက်နိုင်စွမ်းရှိကြမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တစ်ဦးဦးကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းမှအပ ယင်းတို့၏သက်တမ်းကာလအတွင်း တရားစွဲဆိုပိုင်ခွင့်မရှိရေးအတွက် အခြေခံရမယ့်မူချမှတ် သင့် မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။"ကို လည်းကောင်း၊ စာ ၁၁၅၅ပါဖော်ပြချက်တွင် "နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအနေဖြင့် မိမိတို့၏တာဝန်ဝတ္တရားများကို ထိရောက်ရဲဝံ့ပြတ်သားစွာ ဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ပါသည်။ သို့မှသာ သမ္မတအစိုးရစနစ်သည် အကျိုးရှိထက်မြက် ထိရောက်အောင်မြင်လာနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတတို့အား သက်ဆိုင်ရာတာဝန်နှင့်လုပ်ပိုင်ခွင့်များအရ ထက်မြက်ပြတ်သားစွာဆောင်ရွက်ခြင်းကို ဤသို့ကာကွယ်မထားပါက တရားစွဲဆိုကြခြင်းဖြင့် မလိုလားအပ်သော အနှောင့်အယှက်များ (Unnecessary Harassments) ပေါ်ပေါက်လာနိုင်ပါသည်။ တာဝန်နှင့်လုပ်ပိုင်ခွင့်များနှင့်အညီ

မလုပ်ရဲ၊ မကိုင်ရဲဖြစ်လာပါက လုပ်ငန်းထိရောက် လျှင်မြန်သွက်လက်မှု လျော့ပါး လာနိုင်ပါသည်။”ကို လည်းကောင်း အထောက်အထားအဖြစ်တင်ပြခဲ့သည်။

ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် လိုက်ပါဆောင်ရွက်သော ပြည်နယ်ဥပဒေအရာရှိနှင့် ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် လိုက်ပါ ဆောင်ရွက်သော ဒုတိယပြည်နယ်ဥပဒေအရာရှိတို့ကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅ ပါ ပြဋ္ဌာန်းချက်ကို ကိုးကားပြီး နိုင်ငံတော်သမ္မတအား လျှောက်ထား ခံရသူအဖြစ် ထည့်သွင်းထားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ ကြောင်း လျှောက်လဲကြသည်။

တင်သွင်းလွှာ တင်သွင်းသူ၏ရှေ့နေကြီးက ပြန်လည်လျှောက်လဲရာတွင်- ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅တွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော် လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော် လည်းကောင်း မိမိအား အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သောပြုလုပ်မှုအတွက် မည်သည့်တရားရုံးတွင်မျှ ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အမှုရင်ဆိုင်ဖြေရှင်းရန်တာဝန်မရှိဟု ပြဋ္ဌာန်းထားခြင်းသာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)တွင် “နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ သုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ တို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်း နှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်း ခြင်းတို့ပြုသည်”ဟူ၍ ပြဋ္ဌာန်းထားကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်ဟု ပြဋ္ဌာန်းထား ကြောင်း လျှောက်လဲသည်။

ထို့နောက်ဆက်လက်၍ နိုင်ငံတော်သမ္မတက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာလျှောက်ထားခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပါ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာ ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်းတို့

ပြုရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်နိုင်ရန် တင်သွင်းခြင်းသာ ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာလျှောက်ထားခြင်းသည် တရားရုံးတွင် ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်းအမှုစွဲဆိုဆောင်ရွက်ခြင်းမျိုးမဟုတ်ကြောင်း၊ တင်သွင်းလွှာလျှောက်ထားချက်အပေါ် တရားရုံးတွင်အမှုစွဲဆိုခြင်း၊ အမှုရင်ဆိုင်ဖြေရှင်းခြင်းဟု အဓိပ္ပာယ်ကောက်ယူမည်ဆိုပါက နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ ပုဒ်မခွဲ(က) ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်နိုင်ခွင့်ရှိတော့မည် မဟုတ်ကြောင်း ။

ဥပဒေဆိုရိုးစကား **(Legal Maxim)** တွင်-

**"Cujus est commodum ejus debet ease in commodum."**

**(He who has the advantage should also have the disadvantage.)** ဟု တွေ့ရှိရကြောင်း၊

နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ ပုဒ်မခွဲ(က)အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းခွင့်ရှိသကဲ့သို့ ဥပဒေနှင့်အညီတင်သွင်းလာသော တင်သွင်းလွှာများကို ရှင်းလင်းရန်တာဝန်ရှိသည်မှာ အငြင်းမပွားပေါ်ပေါက်နေပါကြောင်း၊

**နိုင်ငံတော်သမ္မတ (၎င်း၏ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်)နှင့် ၁။ နာယက၊ ပြည်ထောင်စုလွှတ်တော် ၂။ ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ၃။ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်၊ ၂၀၁၂ ခုနှစ်၊ တင်သွင်းလွှာအမှတ်- ၁နှင့် နိုင်ငံတော်သမ္မတနှင့် ဒေါက်တာအေးမောင်**ပါ **၂၃ဦး (အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ)၊ ၂၀၁၂ ခုနှစ်၊ တင်သွင်းလွှာအမှတ်- ၂**တို့တွင် အုပ်ချုပ်ရေးမဏ္ဍိုင်၏အကြီးအကဲ နိုင်ငံတော်သမ္မတသည် ဥပဒေပြုမဏ္ဍိုင်၏ ဆောင်ရွက်ချက်အပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၅ ပုဒ်မခွဲ (က)နှင့်အညီ တင်သွင်းလွှာများ လျှောက်ထားခဲ့သည်ကိုတွေ့ရှိနိုင်ပါကြောင်း၊

သို့ဖြစ်ပါ၍ ရုံးငြင်းချက်အမှတ် (၁)ဖြစ်သည့် "ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅ အရ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိသော နိုင်ငံတော်သမ္မတအား လျှောက်ထားခံရသူအဖြစ် အမှုတွင်ထည့်သွင်းထားခြင်းသည် ဖွဲ့စည်းပုံ

အခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဆိုသည်မှာ မှန်ပါသလား''ဟူသော ရုံးငြင်းချက် အပေါ် ''မမှန်ပါ''ဟူ၍ လျှောက်ထားသူဘက်သို့ အသာပေးဖြေဆိုသည့် အမိန့်ချမှတ် ပေးပါရန် လျှောက်လဲတင်ပြခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်အခြေခံမူများ ပုဒ်မ ၄၆ပါမူများ၊ ပုဒ်မ ၃၂၀မှ ပုဒ်မ ၃၃၆ပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဖွဲ့စည်းပြီးနောက် ပုဒ်မ ၃၂၂တွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း ပြဋ္ဌာန်း ထားကြောင်းတွေ့ရ သည်။

''နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ် လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့က ပြဋ္ဌာန်းသည့် ဥပဒေများ သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်း ဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု အချင်းချင်းဖြစ်ပေါ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ။

ခုံရုံးက လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ခုနှစ်၊ ဥပဒေအမှတ် ၂၁ ဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြဋ္ဌာန်းထားခဲ့သည်။ ထိုဥပဒေကို အကောင်အထည်ဖော်ရာတွင် အသေးစိတ်လိုက်နာဆောင်ရွက်ရန်အတွက် ၂၈-၆-၂၀၁၁နေ့တွင် ဤခုံရုံးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၁ဖြင့် ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်ပြန်တမ်းများ တွင်လည်း ထည့်သွင်းကြေညာခဲ့သည်။ ထို့နောက် အထက်ပါဥပဒေအမှတ်၂၁/၂၀၁၀ ကို ၂၁-၁-၂၀၁၃ရက်နေ့တွင် ဥပဒေအမှတ် ၄ ဖြင့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခဲ့သည်။ သို့သော်လည်း ခုံရုံး၏လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ရာတွင် ပေါ်ပေါက်လာသော ကိစ္စရပ်တိုင်းအတွက် တည်ဆဲဥပဒေ၊ နည်းဥပဒေများမှာ ပြီးပြည့်စုံပြီဟုမဆိုသာပေ။ ပြင်ဆင်ရန် ဆောင်ရွက်ကြဆဲဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ရာတွင် နည်းလမ်း မှန်ကန်မှုရှိစေရန် တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် သက်သေခံဥပဒေတို့ကို ဆီလျော်သလို သုံးစွဲနိုင်ရန်ခွင့်ပြုထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ပါ ၅၀ဦး၏ တင်သွင်းလွှာကိစ္စ ကို ဤခုံရုံးမှလက်ခံစိစစ်ရာတွင် အထက်ဖော်ပြပါ တည်ဆဲဥပဒေ၊ နည်းဥပဒေများအတိုင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ဤခုံရုံးကဆောင်ရွက်ရသော လုပ်ငန်းတာဝန်များသည် တရားစီရင်ရေးဆိုင်ရာလုပ်ငန်းတာဝန်များဖြစ်သော်လည်း ခုံရုံးသို့ တင်သွင်းလာသောကိစ္စများကို ကိုင်တွယ်ဖြေရှင်းရာတွင် သာမန်တရားမမှု၊ ပြစ်မှုတစ်ခုကို ကိုင်တွယ်ဖြေရှင်းပုံနည်းလမ်းများနှင့် ကွာခြားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ ဖြေကြားပေးရန် တင်ပြလာသော တင်သွင်းလွှာအပေါ်ယင်းကိစ္စရပ်နှင့် သက်ဆိုင်သူများ၏ သဘောထားများကို ရယူပြီး တည်ဆဲဥပဒေများနှင့်အညီ ဆုံးဖြတ်ရခြင်းဖြစ်သည်။ အဓိကအားဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေနှင့်

နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရသည်။ တင်သွင်းလာသော ကိစ္စရပ်အပေါ် ကန့်ကွက်သူရှိနိုင်သကဲ့သို့ ကန့်ကွက်သူမရှိနိုင်သော တင်သွင်းမှုလည်းရှိနိုင်သည်။ ကန့်ကွက်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကိစ္စရပ်နှင့်သက်ဆိုင်သူများထံမှ သဘောထားရယူရန် ဤခုံရုံးတွင် တာဝန်ရှိသည်။

အဆုံးအဖြတ်ပြုမည့်ကိစ္စရပ်အပေါ် ချမှတ်မည့်အမိန့်တစ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ကို နစ်နာနိုင်သောအကြောင်းရှိပါက ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ခုခံချေပခွင့်ပေးခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တရားစီရင်ရေးမူဖြစ်သည်။

ကိစ္စရပ်များနှင့် သက်ဆိုင်သူများကိုမကြားနာဘဲ၊ ၎င်းတို့၏ သဘောထားကို မယူဘဲ အဆုံးအဖြတ်ပြုပါက တရားစီရင်ရေးမူကို ထိခိုက်သည်၊ မှန်ကန်မျှတသည်ဟု လည်း မဆိုနိုင်ပေ။ ထို့အတူ တင်သွင်းလာသော ကိစ္စရပ်နှင့် သက်ဆိုင်သူများက ၎င်းတို့၏ သဘောဆန္ဒရှင်းလင်းချက်များ တင်ပြမှသာ ခုံရုံးက အမှန်ကိုဖော်ထုတ်နိုင်မည်ဖြစ်သည်။

ဤခုံရုံးက ဖြေရှင်းဆုံးဖြတ်ရသောကိစ္စရပ်များသည် တစ်ဦးချင်းပုဂ္ဂိုလ်ရေး အခွင့်အရေးဆိုင်ရာကိစ္စမဟုတ်ဘဲ အခွင့်ရအာဏာပိုင်များ၊ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များနှင့်သာ သက်ဆိုင်သောကိစ္စများသာဖြစ်သည်။ ထို့ကြောင့် ဤခုံရုံးက လက်ခံဆုံးဖြတ်သောကိစ္စရပ်များမှာ တရားမမှု၊ ပြစ်မှုမဟုတ်သကဲ့သို့ ဤခုံရုံးရှိတင်သွင်းလွှာကိစ္စရပ်တွင် သဘောထားတင်ပြကြသူများကိုလည်းတရားမမှု၊ ပြစ်မှုများတွင် သတ်မှတ်ခေါ်ဆိုလေ့ရှိသော အမှုသည်များကဲ့သို့ ခေါ်ဆိုနိုင်မည် မဟုတ်ပေ။

နိုင်ငံတော်သမ္မတအား ခုံရုံးကအကြောင်းကြားစာပေးပို့ခြင်းသည် နိုင်ငံတော်၏အကြီးအကဲဖြစ်သည်နှင့်အညီ လုပ်ပိုင်ခွင့်နှင့်လုပ်ထုံးလုပ်နည်းအရ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများကို ခန့်အပ်ရသည့် appointing authority ဖြစ်ခြင်းကြောင့် အမှုတွင်အကျိုးသက်ဆိုင်သူ (interested authority)အဖြစ် သဘောထားမှတ်ချက်ပေးရန်ရှိပါက ပေးနိုင်ရန်အတွက်သာလျှင် အကြောင်းကြားခြင်းဖြစ်သည်။ ခုံရုံးနည်းဥပဒေများအရ သတ်မှတ်ခဲ့သည့်ပုံစံပါ ရေးသားချက်အသုံးအနှုန်းတစ်ခုတည်းအပေါ်အခြေခံပြီး နိုင်ငံတော်သမ္မတအား အကြောင်းကြားစာပေးပို့ခြင်းအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟူ၍ ကျဉ်းမြောင်းစွာအဓိပ္ပာယ်ကောက်ယူရန် မသင့်ပေ။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅တွင် "နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း မိမိအားအပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှုသို့တည်းမဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့်ပြုခဲ့သောပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့်တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိစေရ။ သို့ရာတွင် ဤကဲ့သို့တာဝန်မရှိစေခြင်းသည် နိုင်ငံတော်သမ္မတအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ"ဟု ပြဋ္ဌာန်းထားသည်။

ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိမှုကိစ္စနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီစိစစ်မှုကိစ္စတို့ကို ခွဲခြားသုံးသပ်ရန် လိုမည်ဖြစ်သည်။ ဤခုံရုံးကဆောင်ရွက်ရသော လုပ်ငန်းတာဝန်သည် ပုဂ္ဂိုလ်ရေးအရ ပြစ်မှုကြောင်း၊ တရားမကြောင်းအရ တာဝန်ရှိမှုအပေါ်စိစစ်ခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ မညီဆိုသည့်ကိစ္စသာ ဖြစ်သည်။

တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများခန့်ထားမှုအပေါ် နိုင်ငံတော်သမ္မတကယင်းအား အခွင့်အာဏာအပ်နှင်းထားမှုအရ ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုသို့ခန့်ထားမှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီပါဟု တင်သွင်းလွှာ တင်သွင်းသူကတင်ပြခြင်းဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ သဘောထားကိုတောင်းခံရန် ဤခုံရုံးတွင်တာဝန်ရှိသည်။ ဤခုံရုံးကသဘောထားတောင်းခံခဲ့ခြင်းမှာ နိုင်ငံတော်သမ္မတအား လျှောက်ထားခံရသူအဖြစ် သတ်မှတ်ခြင်း မဟုတ်ပေ။ နိုင်ငံတော်သမ္မတအနေဖြင့် သဘောထားပေးလိုမှပေးနိုင်သော အခွင့်အရေးရှိသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(ခ)တွင် "ပြန်လည်ရှင်းလင်းရမည့် ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းရှိပါက ယင်းကိုတင်ပြချက်မိတ္တူနှင့်အတူ အကြောင်းကြားပြီး စပ်ဆိုင်သည့်အချက်အလက်များနှင့်ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းများကို သတ်မှတ်ချိန်အတွင်းတင်ပြခွင့်ပေးရမည်"ဟု ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်၏ အနှစ်သာရမှာသဘောထားတင်ပြခွင့်ပေးခြင်းဖြစ်ကြောင်း ထင်ရှားသည်။

တင်သွင်းလွှာတွင် လျှောက်ထားခံရသူအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ဖော်ပြမှုကြောင့်လည်းကောင်း၊ အကြောင်းကြားစာတွင် ပုံစံကျအတိုင်း ပြန်လည်ရှင်းလင်းရမည့်ပုဂ္ဂိုလ်ဟု ဖော်ပြမှုကြောင့်လည်းကောင်း၊ အကြောင်းကြားခံရသူက ၎င်း၏သဘောဆန္ဒကို မပေးမနေရသတ်မှတ်ခြင်း မဟုတ်

ပေ။ ယခင်အမှုများတွင် ဆောင်ရွက်ခဲ့သည့်နည်းတူ လိုက်နာခဲ့ကြခြင်းဖြစ်သည်။ နောင်တွင် အလားတူပြဿနာမရှိစေရန် နည်းဥပဒေများကို လိုအပ်သလိုပြင်ဆင်ကြရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတအား လျှောက်ထားခံရသူအဖြစ် ထည့်သွင်းသတ်မှတ်ခြင်းမရှိဘဲ သဘောထားပေးလိုကပေးနိုင်ရန် အကြောင်းကြားခဲ့ခြင်းသာဖြစ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သည်ဟုမဆိုနိုင်ကြောင်း ကိစ္စရပ်(က)အတွက် ဖြေဆိုလိုက်သည်။

ယခုဆက်လက်ဖြေကြားရမည့် ကိစ္စရပ်(ခ) မှာ **"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ပါ ၅၀ ဦး၏ တင်သွင်းလွှာတွင် လျှောက်ထားခံရသူအဖြစ် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၇၉ နှင့်အညီ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟု ဖော်ပြထားသဖြင့် အစိုးရအပေါ် တရားစွဲဆိုသောအမှု ဖြစ်ပါလျက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀ အရ နှစ်လကြိုတင်နို့တစ်စာပေးပို့ခြင်းမရှိဘဲ တရားစွဲဆိုခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဆိုသည်မှာ မှန်ပါသလား"**ဟူသောအချက်ဖြစ်သည်။

ဤကိစ္စရပ်(ခ)ကို နိုင်ငံတော်သမ္မတ၏ကိုယ်စားလှယ်၊ ဝန်ကြီးချုပ် ကချင်ပြည်နယ်အစိုးရအဖွဲ့အတွက် လိုက်ပါဆောင်ရွက်သူ ပြည်နယ်ဥပဒေအရာရှိ နှင့် ဝန်ကြီးချုပ် ရှမ်းပြည်နယ်အစိုးရအဖွဲ့အတွက် လိုက်ပါဆောင်ရွက်သူ ဒုတိယပြည်နယ်ဥပဒေအရာရှိတို့က တင်ပြလာခြင်းဖြစ်သည်။ ၎င်းတို့တင်ပြသော အဓိကအကြောင်းပြချက်မှာ- တင်သွင်းလွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို လျှောက်ထားခံရသူအဖြစ်ဖော်ပြထားသဖြင့် နိုင်ငံတော်အစိုးရကိုတရားစွဲဆိုသည်ဟုဆိုနိုင်ကြောင်း၊ တင်သွင်းလွှာတွင် တရားမကျင့်ထုံးဥပဒေအရ ကိုယ်စားလျှောက်လဲ တင်သွင်းခြင်းနှင့် အားကိုးအားထားစာရွက်စာတမ်းများ တင်သွင်းကြောင်းဖော်ပြထားသဖြင့်- တင်သွင်းလွှာကိစ္စကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၇၉၊ ၈၀တို့အရ စိစစ်ဆောင်ရွက်ရမည်ဖြစ် ကြောင်း လျှောက်လဲကြသည်။

တင်သွင်းလွှာ တင်သွင်းသူ၏ရှေ့နေက ဤတင်သွင်းလွှာကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆ ပုဒ်မခွဲ(ဃ) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ)တို့အရ တင်သွင်းခြင်းဖြစ်ကြောင်း၊ တင်သွင်းလွှာတင်သွင်းရာတွင် တရားမကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတို့တွင် ပြဋ္ဌာန်းချက်မရှိကြောင်း၊ ဤခုံရုံးသည် တရားမမှုများကို စစ်ဆေးစီရင်သည့်ရုံးမဟုတ်ကြောင်း၊ တရားမမှုစွဲဆိုခြင်းမဟုတ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်

ညီညွတ်မှုရှိ မရှိ စိစစ်ရန်တင်ပြခြင်းကိစ္စအပေါ် တရားမမှုစွဲဆိုခြင်းဟု အဓိပ္ပာယ်ကောက်မည်ဆိုပါက အချုပ်အခြာအာဏာသုံးရပ် အပြန်အလှန်ထိန်းကျောင်းမှု အနှစ်သာရပျောက်ကွယ်သွားမည်ဖြစ်ကြောင်းချေပသည်။

ဤတင်သွင်းလွှာကိစ္စမှာ ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိမှု၊ အခွင့်အရေးရှိမှုကို စီရင်ဆုံးဖြတ်သော တရားမမှု သို့မဟုတ် ပြစ်မှုမဟုတ်ကြောင်း၊ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီ မညီ အဆုံးအဖြတ်ပြုခြင်းဖြစ်ကြောင်း အထက်တွင်ရှင်းလင်းခဲ့ပြီးဖြစ်သည်။ တနည်းအားဖြင့်ဆိုသော် ဤတင်သွင်းလွှာကိစ္စမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တရားမကျင့်ထုံးဥပဒေတို့ကို အခြေခံခြင်းမဟုတ်ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေနှင့် နည်းဥပဒေများကိုအခြေခံခြင်းဖြစ်သည်။

ယခုတင်သွင်းလွှာကိစ္စသည် တရားမကြောင်းအရ တောင်းဆိုမှုမဟုတ်ကြောင်း၊ တင်သွင်းလွှာတင်သွင်းသူကလျှောက်လဲသည်။ တင်သွင်းလွှာတွင် လျှောက်ထားခံရသူအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ဖော်ပြထားသောအချက်ကို အကြောင်းပြုပြီး တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀အရ နှစ်လကြိုတင်၍ နို့တစ်စာပေးရန်လိုအပ်သည်ဟု ပြည်ထောင်စုရှေ့နေချုပ်ဘက်က တင်ပြခြင်းဖြစ်သည်။ တင်သွင်းလွှာခေါင်းစည်းဖော်ပြချက်ထက် တင်သွင်းလွှာ တင်သွင်းသူ၏ အဓိကတောင်းဆိုချက်ကိုသာ အလေးထားသင့်သည်ဟုဆိုရမည်။ ဤတင်သွင်းလွှာကိစ္စမှာ တရားမမှုစွဲဆိုခြင်းမဟုတ်ဘဲ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီ မညီ တရားစီရင်ရေးနည်းလမ်းအရသုံးသပ်ခြင်း (Judicial/ Constitutional Review)သာ ဖြစ်သည်။

တင်သွင်းလွှာများကို လက်ခံဆောင်ရွက်ရာတွင် ဤခုံရုံးကလိုက်နာရသည့် ဥပဒေများမှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေနှင့် နည်းဥပဒေများပင် ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၁(စ)၌ ခုံရုံးတွင် ကြားနာသည့်အခါ "တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေပါ ပြဋ္ဌာန်းချက်များမှ စပ်ဆိုင်သည့်ပြဋ္ဌာန်းချက်များကို ဆီလျော်သလိုကျင့်သုံး ဆောင်ရွက်နိုင်သည်"ဟု ပြဋ္ဌာန်းထားခြင်းမှာ လိုအပ်သောအခါမှသာ တရားမကျင့်ထုံးဥပဒေအတိုင်း ဆီလျော်သလိုကျင့်သုံး ဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ဆီလျော်မှု၊ စပ်ဆိုင်မှုမရှိဘဲ တရားမကျင့်ထုံးဥပဒေကို ကျင့်သုံးရန်လိုမည် မဟုတ်ပေ။

ထို့ကြောင့် "ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ပါ ၅၀ ဦး၏ တင်သွင်းလွှာတွင် လျှောက်ထားခံရသူအဖြစ် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၇၉ နှင့် အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟုဖော်ပြထားသဖြင့် အစိုးရအပေါ် တရားစွဲဆိုသောအမှုဖြစ်ပါလျက် တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၈၀အရ နှစ်လ ကြိုတင်နို့တစ်စာပေးပို့ခြင်းမရှိဘဲ တရားစွဲဆိုခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိ ဆိုသည်မှာ မှန်ပါသလား"ဟူသောကိစ္စအတွက် မမှန်ကြောင်း၊ ယခုကိစ္စတွင် တရားမ ကျင့်ထုံးဥပဒေ ပုဒ်မ ၈၀ပါ ပြဋ္ဌာန်းချက်အတိုင်း ဆောင်ရွက်ရန်မလိုကြောင်း ဖြေဆိုလိုက်သည်။

ယခုဆက်လက်၍ ကနဦးဆုံးဖြတ်ရသည့် ကိစ္စရပ် (ဂ) နှင့် (ဃ)တို့ကို တစ်ပေါင်းတည်း သုံးသပ်ဆုံးဖြတ်မည်ဖြစ်သည်။ ကိစ္စရပ်**(ဂ)**မှာ **"အမှုတွင် ပေါ်ပေါက် သော ပြဿနာကို ထိရောက်စွာနှင့် ပြည့်စုံစွာ ဆုံးဖြတ်နိုင်ရေးအတွက် အမှုတွင် အမှုသည်အဖြစ်မပါမဖြစ် ပါဝင်ရန် လိုအပ်သောအမှုသည်များ (necessary parties)ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်များကို လျှောက်ထားခံရသူများအဖြစ် အမှုတွင်ပူးတွဲထည့်သွင်း ထားခြင်းမရှိသဖြင့် ထိရောက်ပြည့်စုံစွာ ဆုံးဖြတ်ချက် ချမှတ်နိုင်ခြင်းမရှိဆိုသည်မှာ မှန်ပါသလား"**ဟူသောအချက်ဖြစ်သည်။ ကိစ္စရပ် **(ဃ)** မှာ **"နိုင်ငံတော်အပေါ် တရားစွဲဆိုရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇အရ နိုင်ငံတော်ဖြစ်သော အုပ်ချုပ်မှု အခွင့်အာဏာကျင့်သုံးသည့် ပုဂ္ဂိုလ်များအပြင် ဥပဒေပြုမှုအခွင့်အာဏာကျင့်သုံးသည့် ပုဂ္ဂိုလ်များလည်း ပါဝင်ရန်လိုအပ်သည် ဆိုခြင်းမှာ မှန်ပါသလား"**ဟူသော အချက် ဖြစ်သည်။ ကိစ္စရပ်(ဂ)ကို ပြည်ထောင်စုရှေ့နေချုပ်နှင့် ဝန်ကြီးချုပ် ရှမ်းပြည်နယ် အစိုးရအဖွဲ့တို့ဘက်မှ တင်ပြခဲ့ခြင်းဖြစ်သည်။ ကိစ္စရပ်(ဃ)ကို တိုင်းရင်းသားလူမျိုး ရေးရာဝန်ကြီး ၃ဦးတို့ဘက်မှ တင်ပြခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတကိုယ်စား လိုက်ပါဆောင်ရွက်သူ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁ (ဂ) နှင့် ပုဒ်မ ၂၆၂(င)တို့ကို အဓိကကိုးကားသည်။ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ရွေးချယ်နိုင်ရန် ဥပဒေအရသတ်မှတ်သည့် လူဦးရေပြည့်စုံမှု ရှိ မရှိ သတ်မှတ်ပေးရ မည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲ ကျင်းပပေးရသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ရွေးကောက်တင်မြှောက် ခံရသူ လွှတ်တော်ကိုယ်စားလှယ် အမည်တင်သွင်းရန်တာဝန်ရှိသော ပြည်နယ်

ဝန်ကြီးချုပ်များကို ယခုတင်သွင်းလွှာကိစ္စတွင် အမှုသည်အဖြစ်စုံလင်စွာထည့်သွင်းရန်လိုကြောင်း သို့မှသာ အမှုတင်သွင်းလွှာကိစ္စကို ပြည့်ပြည့်စုံစုံ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်းတို့ကိုတင်ပြသည်။ တရားမကျင့်ထုံးဥပဒေအမိန့် (၁) နည်း ၁၀(၂) ကိုလည်း ကိုးကားတင်ပြသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ပြည်နယ်ဥပဒေအရာရှိက လျှောက်လဲရာတွင် ယခုအမှုကိစ္စတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ ခန့်အပ်နိုင်ရန်အတွက် သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်တင်ပြသည့်စာရင်းအတိုင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်များသတ်မှတ်ပြီး ရွေးကောက်တင်မြှောက်ခဲ့ခြင်းဖြစ်ရာ အဓိကကိုင်တွယ်ဆောင်ရွက်သည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုသော်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကို လျှောက်ထားခံရသူများအဖြစ်သော်လည်းကောင်း အမှုတွင်ပူးတွဲထည့်သွင်းထားမှု မရှိခြင်းသည် ထိရောက်ပြည့်စုံသော ဆုံးဖြတ်ချက်ချမှတ်နိုင်မည်မဟုတ်ကြောင်း တင်ပြသည်။

ထို့ပြင် ဝန်ကြီးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ် (၄)ပါ ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်မှ ပေးပို့သည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခန့်အပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကိုရယူ၍ လွှတ်တော်သို့တင်သွင်းခြင်း နှင့် နိုင်ငံတော်သမ္မတထံတင်ပြခြင်းပြုရသူသာဖြစ်ပါကြောင်း သို့ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူပါ ၅၀ဦး၏ တင်သွင်းလွှာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အား လျှောက်ထားခံရသူအဖြစ် ဖော်ပြထားမှုလည်းမရှိကြောင်း၊ ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်း ကချင်ပြည်နယ်ဝန်ကြီးချုပ်သည် ရွေးကောက်ပွဲကော်မရှင်ကပေးပို့သည့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခန့်အပ်နိုင်ရန် လွှတ်တော်ကိုယ်စားလှယ်၏ အမည်စာရင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်အတိုင်း တင်သွင်းပေးပို့ရသူသာဖြစ်ပါကြောင်း၊ ယခုအမှုတွင် အမှုသည်အဖြစ် မပါမဖြစ် ပါဝင်ရန် လိုအပ်သော အမှုသည်မဟုတ်ကြောင်းကိုလည်းလျှောက်လဲသည်။

ထို့နောက် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၇အရ "နိုင်ငံတော်ဆိုသည်မှာ ရှေ့နောက်စကားရပ်တို့၏ အဓိပ္ပာယ်ကိုထောက်၍ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုမှုအခွင့်အာဏာကိုသော်လည်းကောင်း၊ အုပ်ချုပ်မှုအခွင့်အာဏာ

ကိုသော်လည်းကောင်း ကျင့်သုံးသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကိုဆိုလိုသည်" ဟု ပြဋ္ဌာန်းထားသဖြင့် နိုင်ငံတော်အပေါ် တရားစွဲဆိုရာ၌ နိုင်ငံတော်ဖြစ်သော အုပ်ချုပ်မှုအခွင့်အာဏာကျင့်သုံးသည့် ပုဂ္ဂိုလ်များအပြင် ဥပဒေပြုမှုအခွင့်အာဏာ ကျင့်သုံးသည့် ပုဂ္ဂိုလ်များလည်း ပါဝင်ရန်လိုအပ်မည်ဖြစ်ပါကြောင်း လျှောက်လဲသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ဒုတိယ ပြည်နယ်ဥပဒေအရာရှိကလည်း ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ လျှောက်လဲချက်ပါမှုများအတိုင်း တင်ပြသည်။ သို့သော်လည်း ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကို အမှုသည်အဖြစ်မထည့်သင့်ဟူသောကိစ္စကို တင်ပြမထားပေ။

ထို့နောက်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၃ဦးအတွက် လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေက လျှောက်လဲရာတွင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ (ကချင်ပြည်နယ်တွင် ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဂွန်ရိန်ဒီး၊ လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားဆီ၊ ရှမ်းပြည်နယ်တွင် လီဆူးတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးရောဝိ) တို့ကို ခန့်အပ်ရာ၌ တိုင်းရင်းသားလူမျိုးအသီးသီး၏ စာရင်းကို သက်ဆိုင်သည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတ်မှတ်ပါကြောင်း၊ ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ပြီး နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလျှောက်ထားမှုတွင် လျှောက်ထားခံရသူအဖြစ် နိုင်ငံတော်သမ္မတနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သာပါဝင်ပြီး လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန ပါဝင်ခြင်းမရှိကြောင်းတင်ပြသည်။

ထို့အတူ ဒေါ်ဒွဲဘူပါ ၅၀ဦးက နိုင်ငံတော်အပေါ်တရားစွဲဆိုရာ၌ အုပ်ချုပ်မှုအခွင့်အာဏာ ကျင့်သုံးသည့်နိုင်ငံတော်သမ္မတသာပါဝင်ပြီး ဥပဒေပြုမှုအခွင့်အာဏာ ကျင့်သုံးသည့် ပုဂ္ဂိုလ်များမပါဝင်သဖြင့် ပြည့်စုံခြင်းမရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများသည် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံနိုင်သည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)တွင် အကျုံးဝင်သောကိစ္စရပ်ဖြစ်ပါကြောင်း၊ ပုဒ်မ ၄၇အရ နိုင်ငံတော်ဆိုသည့် စကားရပ်၏အဓိပ္ပာယ်တွင် သမ္မတအပြင် ဥပဒေပြုမှုအခွင့်အာဏာကျင့်သုံးသည့် ပုဂ္ဂိုလ်များလည်းပါဝင်ကြောင်း၊

ထို့ကြောင့် ၎င်းတို့သည် အမှုတွင်ပါဝင်ထိုက်သူများဖြစ်ကြောင်း တင်ပြသည်။ ထို့နောက် ဤတင်သွင်းလွှာကိစ္စတွင်ပါဝင်သင့်သော ဥပဒေပြုအာဏာပိုင်ဆိုရာတွင် ပြည်နယ်လွှတ်တော်များကို ရည်ရွယ်ကြောင်းကိုလည်းလျှောက်လဲသည်။

တင်သွင်းလွှာ တင်သွင်းသူဘက်မှ လျှောက်လဲရာတွင် ယခုတင်သွင်းလွှာမှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားမှတ်ချက်ပေးပါရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၆ ပုဒ်မခွဲ(ဃ)နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၁၄ ပုဒ်မခွဲ (ဃ)တို့နှင့် အညီ တင်သွင်းလွှာလျှောက်ထားခြင်းသာဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁နှင့်အညီ အချုပ်အခြာအာဏာ ၃ရပ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိ မရှိ ဥပဒေပြုမဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အုပ်ချုပ်ရေးမဏ္ဍိုင်အပေါ် အပြန်အလှန်ထိန်းကျောင်းမှု(Check and Balance) ပြုလုပ်ခြင်းသာဖြစ်ကြောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် တရားမမှုများကို စစ်ဆေးစီရင်ရသည့် တရားရုံးလည်းမဟုတ်ပါ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာလျှောက်ထားရာတွင် တရားမကျင့်ထုံးဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင်လည်းကောင်း ပြဋ္ဌာန်းချက် တစ်စုံတစ်ရာမရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၇ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုသော စကားရပ်တွင် အုပ်ချုပ်မှုအခွင့်အာဏာကို ကျင့်သုံးဆောင်ရွက်လျက်ရှိကြသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နှင့် သက်ဆိုင်ရာပြည်နယ်ဝန်ကြီးချုပ်များ အကျုံးဝင်နေပါကြောင်း၊ ယခုကိစ္စရပ်အတွက် လျှောက်ထားသူဘက်သို့ အသာပေးဖြေဆိုသင့်ကြောင်း လျှောက်လဲသည်။

ထို့နောက် ကိစ္စရပ်(ဃ)အတွက် ဆက်လက်လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂တွင် ခုံရုံး၏လုပ်ငန်းတာဝန်များကို သတ်မှတ်ထားပါကြောင်း၊ ခုံရုံး၏ လုပ်ငန်းတာဝန်များတွင် ပြစ်မှုဆိုင်ရာအမှုများ၊ တရားမမှုများကို စစ်ဆေးစီရင်နိုင်

သည့် အခွင့်အာဏာရှိကြောင်း ဖော်ပြထားခြင်းမရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပါ အချုပ်အခြာအာဏာ၃ရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance)လုပ်ငန်းအတွက် ဥပဒေပြု မဏ္ဍိုင်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားချမှတ်ပေးပါရန် တင်သွင်းလွှာလျှောက်ထားခြင်းမှာ နိုင်ငံတော်အစိုးရ အပေါ် တရားစွဲဆိုခြင်းမဟုတ်ကြောင်း၊ ဤတင်သွင်းလွှာအမှတ် ၁/၂၀၁၄ကို တင်သွင်းခြင်းအပေါ် နိုင်ငံတော်အပေါ်တရားစွဲဆိုခြင်းဟု အဓိပ္ပာယ်ကောက်ယူမည် ဆိုပါက ဥပဒေပြုရေးမဏ္ဍိုင်မှ အုပ်ချုပ်ရေးမဏ္ဍိုင်၏ဆောင်ရွက်ချက်အပေါ် အပြန် အလှန်ထိန်းကျောင်းခြင်း (Check and Balance)လုပ်ပိုင်ခွင့်ကို မျက်ကွယ်ပြုရာ ရောက်ပါကြောင်း၊ ဤကိစ္စရပ်(ဃ)အတွက်လည်း လျှောက်ထားသူများဘက်သို့ အသာပေးဖြေဆိုသည့် အမိန့်ချမှတ်ပေးစေလိုကြောင်းလျှောက်လဲသည်။

ဤတင်သွင်းလွှာကိစ္စမှာ တရားမမှုမဟုတ်ကြောင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရပိုင်ခွင့် သို့မဟုတ် တာဝန်ကိုအဆုံးအဖြတ်ပြုသည့် အမှုမဟုတ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီ မညီစိစစ်သော (Judicial/ Constitutional Review)သာ ဖြစ်ကြောင်း၊ ကိစ္စရပ်နှင့် သက်ဆိုင်သူအားလုံး၏ သဘောထားကို တောင်းယူရန် ဤခုံရုံးတွင်တာဝန် ရှိကြောင်းတို့ကို အထက်တွင် ရှင်းလင်းဖြေကြားခဲ့ပြီးဖြစ်သည်။ အပြီးသတ်အမိန့် မချမီ မည်သည့်အဆင့်တွင်မဆို တင်သွင်းလွှာပါကိစ္စရပ်နှင့် သက်ဆိုင်သူ၊ အဆိုပါကိစ္စရပ်အပေါ် သိရှိသူများ၏ သဘောထားကို ဤခုံရုံးက ရယူခွင့်ရှိသည်။

မည်သူ့ထံမှ သဘောထားရယူခွင့်ရှိသည်ဆိုသောအချက်ကို ဤခုံရုံးက ဆုံးဖြတ်ခွင့်ရှိသည်။ ထို့အတူ တင်သွင်းလွှာကိစ္စနှင့် သက်ဆိုင်သူများကလည်း တင်ပြ ခွင့်ရှိပါသည်။ တင်သွင်းလွှာနှင့် ပြန်လည်ရှင်းလင်းလွှာတို့အရ ကိစ္စရပ်နှင့် သက်ဆိုင် သဖြင့် သဘောထားရယူသင့်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ မည်သူ ဖြစ်သည်မှာ ပေါ်ပေါက်လာနိုင်သကဲ့သို့ နှစ်ဘက်လျှောက်လဲချက်ပေးသော အဆင့် သို့မဟုတ် ကိစ္စရပ်ကို ဆုံးဖြတ်ရန် အဆင့်ရောက်မှလည်း သဘောထားရယူသင့်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများပေါ်ပေါက်နိုင်ပါသည်။

တင်သွင်းလွှာ တင်သွင်းသူက ၎င်းတင်ပြသောကိစ္စရပ်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ သက်ဆိုင်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများကို ဖော်ပြရန်

လိုသည်ဆိုသောအချက်ကိုလည်းလက်ခံသည်။ သို့သော်လည်း ၎င်းညွှန်ပြသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် အမှုတွင်မပါမဖြစ် ပါဝင်ရမည့်သူများဟု အဓိပ္ပာယ်ကောက်ယူရန်မဟုတ်ပေ။ ထို့ကြောင့် ကိစ္စရပ်(ဂ) နှင့် (ဃ)ပါ ပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းများအားလုံးကို တင်သွင်းလွှာတွင် ပြည့်စုံစွာဖော်ပြမထားသဖြင့် ထိရောက်ပြည့်စုံသော ဆုံးဖြတ်ချက်ချမှတ်နိုင်ခြင်းမရှိဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း ဖြေဆိုလိုက်သည်။

ဆက်လက်ဖြေကြားရမည့် ကိစ္စရပ်(င)နှင့်(စ)ကိုလည်း တစ်ပေါင်းတည်း သုံးသပ်ဖြေကြားမည်ဖြစ်သည်။ ကိစ္စရပ်**(င)**မှာ **"ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခွဲဘူပါ (၅၀)ဦးက တင်သွင်းသော တင်သွင်းလွှာသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အတွင်းမရှိဆိုသည်မှာ မှန်ပါသလား"** ဟူသောအချက်ဖြစ်သည်။ ကိစ္စရပ်**(စ)**မှာ **"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၄အရ တရားရုံးကတင်သွင်းသော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်သာ အပြီးအပြတ်အတည်ဖြစ်ပါသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ဒေါ်ခွဲဘူပါ (၅၀)ဦး တင်သွင်းသော ကိစ္စရပ်မျိုးကို ဆုံးဖြတ်သည့်အပေါ်အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းအရေးဆိုခွင့်ရှိကြောင်း ခုံရုံးဥပဒေကို ပြင်ဆင်ပြီး မှသာ ဒေါ်ခွဲဘူတို့က စွဲဆိုခွင့်ရှိသည်ဆိုခြင်းမှာ မှန်ပါသလား"** ဟူသောအချက်ဖြစ် သည်။

ဖော်ပြပါကိစ္စရပ်နှစ်ခုစလုံးမှာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၃ဦးဘက်မှ တင်ပြလာခြင်းဖြစ်ပါသည်။

ကိစ္စရပ်(င)နှင့်(စ)တို့အပေါ် နိုင်ငံတော်သမ္မတအတွက် လိုက်ပါဆောင်ရွက်သူ ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်က လျှောက်လဲရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၃တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ပုဒ်မ ၂၃ကို ပုဒ်မ ၂၄အဖြစ် လည်းကောင်း၊ ပုဒ်မ ၂၄ကို ပုဒ်မ ၂၃အဖြစ်လည်းကောင်း ပြန်လည်အမှတ်စဉ်ရမည်။ ထိုသို့ ပြန်လည်အမှတ်စဉ်သည့် ပုဒ်မ ၂၄ကို အောက်ပါအတိုင်းအစားထိုးရမည်-

ပုဒ်မ ၂၃အရ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။"ဟု ပြဋ္ဌာန်းထားပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေ ပုဒ်မ ၂၃တွင် "ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ)အရ တရားရုံးတစ်ရုံးက စစ်ဆေးဆဲ အမှုနှင့်စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်

စေရမည်”ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရကြောင်း၊ အဆိုပါပြဋ္ဌာန်းချက်များအရ ဆိုပါလျှင် ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)အရ တရားရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည်သာလျှင် အပြီးအပြတ်ဖြစ်ပါကြောင်း ယခုဒေါ်ခွဲဘူပါ (၅၀)ဦး၏ တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှဆုံးဖြတ်မည့် ဆုံးဖြတ်ချက်သည်အပြီးအပြတ် ဖြစ်သည်ဟု မှတ်ယူရန်မဟုတ်ကြောင်း ဒေါ်ခွဲဘူပါ (၅၀)ဦး၏ တင်သွင်းလွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ချမှတ်မည့် ဆုံးဖြတ်ချက်အပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းဖြင့် အရေးဆိုခွင့်ရှိကြောင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေတွင် ပြဋ္ဌာန်းချက်မရှိသေးကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးသည် နိုင်ငံတော်၏တရားစီရင်ရေးဆိုင်ရာရုံးဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ပါ တရားစီရင်ရေးမူများကို လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် တရားစီရင်ရေးမူများကို အပြည့်အဝခံစားနိုင်သည့် အခြေအနေပေါ်ပေါက်ပြီးမှသာ ဒေါ်ခွဲဘူပါ (၅၀)ဦး တင်သွင်းသောကိစ္စရပ်မျိုးကို ဆုံးဖြတ်သည့်အပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းအရေးဆိုခွင့်ရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်ပြီးမှသာ ဒေါ်ခွဲဘူတို့ကစွဲဆိုခွင့်ရှိသည်ဆိုခြင်းမှာ မှန်ကန်သည်ဟု ဖြေဆိုသင့်ကြောင်း တင်ပြလျှောက်ထားသည်။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ပြည်နယ်ဥပဒေအရာရှိက ကိစ္စရပ်(င)နှင့်(စ)အတွက် လျှောက်လဲရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၃တွင် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ)အရ တရားရုံးတစ်ရုံးကစစ်ဆေးဆဲအမှုနှင့်စပ်လျဉ်း၍ ချမှတ်သောခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့်သက်ဆိုင်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း အဆိုပါပြဋ္ဌာန်းချက်များအရဆိုလျှင် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ)အရ တရားရုံးကတင်သွင်းသော အကြောင်းကိစ္စနှင့်စပ်လျဉ်း၍ ချမှတ်သောခုံရုံး၏ဆုံးဖြတ်ချက်သည်သာလျှင် အပြီးအပြတ်ဖြစ်ပါသောကြောင့် ဒေါ်ခွဲဘူပါ (၅၀)ဦး၏ တင်သွင်းလွှာအပေါ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ချမှတ်သည့်ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု မှတ်ယူရန်မဟုတ်ကြောင်း ဒေါ်ခွဲဘူပါ (၅၀)ဦး၏ တင်သွင်းလွှာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ချမှတ်မည့် ဆုံးဖြတ်ချက်အပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းအရေးဆိုခွင့်

ရှိကြောင်းအချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ပြဋ္ဌာန်းချက်မရှိသေးသဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်ပြီးမှသာ ဒေါ်ဒွဲဘူပါ (၅၀)ဦးတို့က စွဲဆိုခွင့်ရှိသည်ဆိုခြင်းမှာ မှန်ကန်သည်ဟု ဖြေဆိုသင့်ပါကြောင်းလျှောက်လဲသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်အတွက် လိုက်ပါဆောင်ရွက်သူ ဒုတိယပြည်နယ်ဥပဒေအရာရှိက ကိစ္စရပ်(င)နှင့်(စ)အတွက် လျှောက်လဲရာတွင် ပြင်ဆင်ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၂၄ အရ ခုံရုံးကဆုံးဖြတ်သော ဆုံးဖြတ်ချက်များအနက် တရားရုံးအဆင့်ဆင့်က တင်သွင်းသောကိစ္စရပ်များ နှင့် စပ်လျဉ်းသည့်ဆုံးဖြတ်ချက်များသာ နောက်ဆုံးနှင့် အပြီးအပြတ်ဖြစ်မည်ဖြစ်သဖြင့် ယခုတင်ပြသောကိစ္စရပ်မျိုးနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်မှုမျိုးတွင်မူ အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းအရေးဆိုခွင့်ရှိမည်ဟု ကောက်ယူနိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ထိုသို့အရေးဆိုခွင့်ရှိကြောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိသေးသဖြင့် အဆိုပါအချက်ကို ဖြည့်စွက်ပြဋ္ဌာန်းပြီးမှသာ လျှောက်ထားသူများ အနေဖြင့်စွဲဆိုခွင့်ရှိမည်ဖြစ်ပါကြောင်း လျှောက်လဲသည်။

ယခုကိစ္စရပ်(င)နှင့်(စ)ကိုတင်ပြခဲ့သော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ၃ဦးအတွက် လိုက်ပါဆောင်ရွက်သူ တရားလွှတ်တော်ရှေ့နေက လျှောက်လဲရာတွင် ယခုအမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက အပြီးသတ်ဆုံးဖြတ်ချက်ချစေကာမူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၄ အရ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ်မဖြစ်ကြောင်း၊ ပုဒ်မ ၂၄ ၏ ပြဋ္ဌာန်းချက်အရ ပုဒ်မ ၂၃ အရ ချမှတ်သောဆုံးဖြတ်ချက်သည်သာ အပြီးအပြတ်ဖြစ်သည်ဟု ကောက်ယူနိုင်ပါကြောင်း၊ အပြီးအပြတ်မဖြစ်လျှင် ခုံရုံးဆုံးဖြတ်ချက်အပေါ်အယူခံခြင်း၊ ပြင်ဆင်ခြင်း၊ အခြားနည်း ကုစားခြင်းနှင့် အရေးဆိုခြင်းပြဋ္ဌာန်းချက်ရှိမှသာ တရားမျှတမည်ဖြစ်ပါကြောင်း၊ အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ နှင့် ခုံရုံးနည်းဥပဒေများ ၁၉ အရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်ဟု ကောက်ယူမည်ဆိုလျှင် ယင်းနှင့်ကွဲလွဲနေသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၄ ကို ပြင်ဆင်ရန်လိုပါကြောင်း၊ ထိုသို့မပြင်ဆင်ဘဲ တည်ဆဲဥပဒေများအရ ဆုံးဖြတ်လျှင် လျှောက်ထားခံရသူများကို နစ်နာစေမည်ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဒေါ်ဒွဲဘူတို့ ယခုအမှုကို စွဲဆိုခွင့်

မရှိဟု ပေါ်လွင်ပါကြောင်း၊ ဤအမှုတွင် လိုအပ်သောအမှုသည် (လျှောက်ထားခံရသူ) မစုံလင်ခြင်း၊ ဥပဒေကိုပြင်ဆင်ရန် လိုအပ်နေခြင်းတို့ကြောင့် အဆိုပါကိစ္စများ ပြည့်စုံအောင် မဆောင်ရွက်ပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အတွင်းမကျရောက်ပါကြောင်း လျှောက်လဲခဲ့သည်။

တင်သွင်းလွှာ တင်သွင်းသူဘက်မှ ယခုကိစ္စရပ်များအတွက် လျှောက်လဲရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (က)တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း"ဟူ၍လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း"ဟူ၍ လည်းကောင်း၊ ပုဒ်မ ၃၂၂ ပုဒ်မခွဲ (ဂ)တွင် "ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိစိစစ်ခြင်း"ဟူ၍လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(ဂ)တွင် "ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိစိစစ်ခြင်း"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း တင်သွင်းလွှာတွင်ဖော်ပြထားသော တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးခန့်ထားမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၁(ဂ)တွင် အကျုံးဝင်ခြင်း ရှိ မရှိ အဓိပ္ပာယ်ဖွင့်ဆိုရမည့်ကိစ္စဖြစ်ကြောင်း၊ ဤတင်သွင်းလွှာသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်ကြောင်း လျှောက်လဲသည်။

ကိစ္စရပ်(စ)အတွက် ဆက်လက်လျှောက်လဲရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပုဒ်မ ၂၃ တွင် "ပုဒ်မ ၁၂ ပုဒ်မခွဲ(ဆ)အရ တရားရုံးတစ်ရုံးက တင်သွင်းသော အကြောင်းကိစ္စနှင့် စပ်လျဉ်း၍ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်"ဟူ၍ လည်းကောင်း၊ ပုဒ်မ ၂၄တွင် "ပုဒ်မ ၂၃အရ ချမှတ်သော ခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၂၄ တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်"ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၆ တွင် "တည်ဆဲဥပဒေများသည်

ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် မဆန့်ကျင်သမျှအတည်ဖြစ်သည်”ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ဥပဒေများ၏အကျိုးသက်ရောက်မှုနှင့် ပက်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ ပုဒ်မခွဲ (က) တွင် “ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံ အခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်”ဟူ၍ ပြဋ္ဌာန်းထားကြောင်းတို့ကို လျှောက်လဲသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေတွင် ဒေါ်ခွဲဘူပါ (၅၁)ဦး တင်သွင်းသောကိစ္စရပ်မျိုးကို ဆုံးဖြတ်သည့်အပေါ် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည် သုံးသပ်မှု သို့မဟုတ် တစ်နည်းနည်းအရေးဆိုခွင့်ရှိကြောင်း ခုံရုံးဥပဒေကို ပြင်ဆင်မည်ဆိုပါက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်မည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈ ပုဒ်မခွဲ (က) နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၄၆ ပါ ပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်အတိုင်းသာ လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း ဤရုံးငြင်းချက်အပေါ် “မမှန်ပါ”ဟူ၍ လျှောက်ထားသူဘက်သို့ အသာပေးဖြေဆိုသည့်အမိန့်ချမှတ်ပေးပါ ရန် လျှောက်လဲသည်။

ပဏာမဆုံးဖြတ်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၏ လျှောက်လဲတင်ပြချက်များမှ ကောက်နုတ်ချက်အချို့ကိုလည်း ဤစီရင်ချက်တွင်ဖော်ပြရန်လိုသည်ဟု သုံးသပ် ရရှိသည်။ အဖွဲ့ဝင် ဦးမြင့်နိုင်၏လျှောက်လဲချက်တွင်- “ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက ဘာတွေကိုလုပ်ရမလဲဆိုတဲ့ လုပ်ငန်းတာဝန်ကို သပ်သပ်ပြဋ္ဌာန်းပေးလိုက်ပါတယ်..............ဟုလည်းကောင်း၊ ဥပဒေအရပေးအပ်တဲ့တာဝန်တွေကို ထမ်းဆောင်ခြင်းဆိုတဲ့လုပ်ငန်းတာဝန်တွေ၊ ဒီလုပ်ငန်းတာဝန်တွေကို ကြည့်တဲ့အခါကျတော့ ပုဂ္ဂလိကတစ်ဦးတစ်ယောက်ရဲ့ အကျိုးစီးပွားတွေမဟုတ်ဘဲနဲ့ နိုင်ငံတော်ရေးရာနဲ့ ပတ်သက်တဲ့ ကိစ္စရပ်အားလုံး ဒီတာဝန်ကိုကြည့်လိုက်တာနဲ့ နိုင်ငံတော်ရေးရာနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ဒီခုံရုံးက စိစစ်ဆောင်ရွက်ရတာဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုတာရှိတယ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှု ဆုံးဖြတ်တာရှိတယ်၊ ဒါတွေကို ဆောင်ရွက်ပါဆိုပြီးတော့

ပြဋ္ဌာန်းထားတဲ့အခါကျတော့ ခုနကရာဇဝတ်မှု၊ တရားမမှုကိုစစ်ဆေးဖို့၊ စီရင်ဖို့အပ်နှံထားတဲ့အနှစ်သာရချင်း မတူတာလေးတွေကို ပထမအချက်နဲ့တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုတွေ ခုံရုံးကဆုံးဖြတ်ရမယ့် ကိစ္စတွေကို တစ်ဦးတစ်ယောက်ပုဂ္ဂလိကမဟုတ်ဘဲနဲ့ နိုင်ငံတော်ရေးရာကိစ္စ၊ အခုဒေါ်ဒွဲဘူ လျှောက်ထားတဲ့ကိစ္စဟာဒေါ်ဒွဲဘူရဲ့ ကိုယ်ရေးကိုယ်တာနှင့်ဆိုင်တာမဟုတ်ဘဲနဲ့ ဒီပြဿနာသည် ကချင်တိုင်းရင်းသားလူမျိုးတွေနဲ့ ဆိုင်တဲ့ကိစ္စဖြစ်တယ်။ အဲဒီ တိုင်းရင်းသားတွေတင်မဟုတ်ဘဲ တိုင်းရင်းသားအများနှင့် ဆိုင်သွားတယ်။ ပြည်ထောင်စုနိုင်ငံတစ်ခုလုံးနှင့်ဆိုင်သွားတယ်....................ဟုလည်းကောင်း၊ နိုင်ငံတော်နှင့် သက်ဆိုင်တဲ့ကိစ္စဖြစ်လို့လည်း နိုင်ငံတော်ဆိုပြီးတော့ တင်သွင်းလာတာဖြစ်ပါတယ်။ အထူးသဖြင့်ကျွန်တော်တင်ပြချင်တာကတော့ ဒါဟာအမှု မဟုတ်ဘူး၊ အမှု suit မဟုတ်ပါဘူး၊ ဒါကြောင့်လည်းပဲ ခုံရုံးက လက်ခံထားတာက တင်သွင်းလွှာအမှတ်လို့ ပြောတယ်။ တင်သွင်းလွှာအမှုအမှတ်လို့ မပြောဘူး။ တင်သွင်းလွှာအမှတ် ဘယ်လောက်ဘယ်လောက် ဒါကြောင့် ကျွန်တော်တို့ ဒီရောက်လာတာကိုလည်း အမှုသည်လိုကျွန်တော်အမှုသည်အနေနဲ့လာခြင်း မဟုတ်ဘူးလို့ ယူဆပါတယ်။ နိုင်ငံတော်ရေးရာနိုင်ငံတော်နဲ့ သက်ဆိုင်တဲ့ကိစ္စ ဖြစ်ပါတယ်။ ခုံရုံးကလည်း ဒေါ်ဒွဲဘူကလျှောက်ထားတဲ့ကိစ္စသည် နိုင်ငံတော်အဖွဲ့အစည်းတွေ၊ နိုင်ငံတော်အဖွဲ့အစည်းတွေနှင့်သက်ဆိုင်တဲ့ နိုင်ငံတော်အဖွဲ့အစည်းက ပုဂ္ဂိုလ်တွေ၊ ဘယ်သူတွေအကျိုး သက်ဆိုင်တယ်၊ ဘယ်သူတွေ စပ်ဆိုင်တယ်၊ ခုံရုံးက သင့်တော်တဲ့ ကျွန်တော်တို့အပါအဝင်အဖွဲ့အစည်းတွေနဲ့ပတ်သက်လို့ ဒီကိစ္စကြီးမှာ ဘာတွေပြောချင်သလဲ တင်သွင်းပေးပါလို့ ပြောလိုက်တဲ့အတွက် ကျွန်တော်တို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကတင်သွင်းလိုက်ခြင်းဖြစ်ပါတယ်။ အဲဒီတင်သွင်းတဲ့အပေါ်မှာ ခုံရုံးက အကျိုးသက်ဆိုင်တယ်လို့ဆိုတဲ့ အဖွဲ့အစည်း၊ နိုင်ငံတော်အဖွဲ့အစည်းတွေကို အကြောင်းကြားပြီးတော့ ဥပမာ ဘယ်အချိန်တင်သွင်းရမယ်၊ ဘယ်အချိန်အခါမဆို လိုအပ်လျှင်တင်သွင်းပါလို့ပြောလို့ရပါတယ်...................... ဟုလည်းကောင်း၊ ဒါကြောင့်မို့ကျွန်တော်တို့ ဒီကိစ္စဟာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ တာဝန်တွေသည်တစ်ဦးတစ်ယောက်မဟုတ်ဘဲနဲ့ နိုင်ငံတော်ကိစ္စတွေနဲ့ ပတ်သက်လို့ လျှောက်ထားတဲ့၊ တင်သွင်းတဲ့သူက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ ၁၀%ကတင်သွင်းလာတယ်။ ဒီကိစ္စသည် နိုင်ငံတော်ကိစ္စဖြစ်လို့ နိုင်ငံတော်ဘက်ကပြန်ရှင်းပြရမယ်။ အခုနိုင်ငံတော်တပ်တဲ့အခါ နိုင်ငံတော်လို့ဆိုရင်လည်း နိုင်ငံတော်လို့ အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ အဖွဲ့အစည်းတွေ ခုံရုံးက သင့်တော်တဲ့၊ သက်ဆိုင်တဲ့

အကျိုးသက်ဆိုင်သူတွေကို တောင်းပြီးတော့ စစ်ဆေးကြားနာသွားမည်ဆိုလို့ရှိရင် မှန်ကန်မျှတပါတယ်လို့ သုံးသပ်ရရှိပါတယ်။ အခု ခုံရုံး၏ဆောင်ရွက်ထားတဲ့ အနေအထားတွေဟာ ကျွန်တော်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီတယ်လို့ ကျွန်တော်ယူဆမိပါတယ်ဟူ၍လည်းကောင်း" တင်ပြထားသည်။

အထက်ဖော်ပြပါ ကိစ္စရပ်(င)နှင့်(စ)တို့သည် ဤခုံရုံး၏စီရင်ပိုင်ခွင့်အပေါ် အရေးဆိုနေကြခြင်းဖြစ်သည်။ အဓိကတင်ပြသောအချက်များမှာခုံရုံး၏ဆုံးဖြတ်ချက်သို့မဟုတ် အမိန့်သည် ဤတင်သွင်းလွှာပါကိစ္စအတွက် အပြီးအပြတ်မဖြစ်ပါဆိုသည့်အချက်နှင့် ထိုသို့အပြီးအပြတ်မဖြစ်လျှင် အယူခံခွင့် သို့မဟုတ် ပြင်ဆင်ခွင့်တစ်ခုခုရှိရမည်ဆိုသည့်အချက်တို့ပင်ဖြစ်သည်။

ဤခုံရုံးသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၀ မှ ၃၃၆ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးခဲ့သောခုံရုံးဖြစ်ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၄ တွင် "နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်။ အကယ်၍ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးသော ဥပဒေတစ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မညီညွတ်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာလိုက်နာရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉၈(က)တွင် "လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့်ဥပဒေများ၏ အကျိုးသက်ရောက်မှုမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ပြဋ္ဌာန်းလိုက်သည့် ဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်သည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်ဆန့်ကျင်နေလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေပါအတိုင်း လိုက်နာကျင့်သုံးရမည်"ဟု ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၀ မှ ၃၃၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းတည်ထောင်ဆောင်ရွက်လျက်ရှိသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သဖြင့် အယူခံခွင့်၊ ပြင်ဆင်ခွင့်မရှိပေ။ ဤခုံရုံးဆုံးဖြတ်ချက်အပေါ် အယူခံခွင့်၊ ပြင်ဆင်ခွင့် မရှိသော အကြောင်းကြောင့်လည်း ဤခုံရုံး၏ စီရင်ပိုင်ခွင့်ကို မထိခိုက်နိုင်ပေ။ ဤခုံရုံး၏ စီရင်ပိုင်ခွင့်ရှိ မရှိကို

စိစစ်ရာတွင် ဥပဒေအရခွင့်ပြုထားသောကိစ္စရပ်များအပေါ် စီရင်ဆုံးဖြတ်ခြင်း ဟုတ် မဟုတ်ကိုသာ စိစစ်ရမည်။ ဤခုံရုံး၏ဆုံးဖြတ်ချက်အပေါ် အယူခံခွင့်၊ ထပ်မံအရေး ဆိုခွင့်ရှိ မရှိမှာ ဤခုံရုံး၏ စီရင်ပိုင်ခွင့်နှင့် မသက်ဆိုင်ပေ။

ဤခုံရုံး၏ စီရင်ပိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၂၂၊ ၃၂၅၊ ၃၂၆တို့ အရလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ ပုဒ်မ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ နှင့် ၁၇ တို့အရလည်းကောင်း အပ်နှင်းထားခြင်းဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်များကို အကြောင်းပြု၍ ဤခုံရုံးတွင် စီရင်ပိုင်ခွင့်မရှိကြောင်း ကန့်ကွက်ချက်မတွေ့ရပေ။ လက်ရှိတင်ပြချက် ပေါ်ပေါက်ချက်တို့အရ ဤတင်သွင်း လွှာကိစ္စမှာ ဤခုံရုံး၏ စီရင်ပိုင်ခွင့်အတွင်းရှိသည်ဟု သုံးသပ်ရရှိသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ တည်ဆဲ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေအရလည်းကောင်း ဤတင်သွင်းလွှာကိစ္စကို ဤခုံရုံး က စီရင်ပိုင်ခွင့်ရှိကြောင်း ကိစ္စရပ်(င)နှင့် (စ)တို့အတွက် ဖြေဆိုလိုက်သည်။

( မြသိန်း )
ဥက္ကဋ္ဌ